စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
စလင်းမြို့

# ဝါသီးနှံ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဆောင်ရွက်ထားရှိမှု တင်ပြချက်

ရွှေတောင်-၁၀

ငွေချည်-၁၁

အမည် - ဒေါ်အေးစန္ဒာ
ရာထူး - ဒု-လက်ထောက်ဦးစီးမှူး
ဒေသ - စိုက်ပျိုးရေးဦးစီးဌာန၊ စလင်းမြို့

၂၀၂၂ခုနှစ်၊ မတ်လ ( ၈ ) ရက်

# နိဒါန်း

- ၂၀၂၁ -၂၀၂၂ ခုနှစ် ၊ စလင်းမြို့နယ်အနေဖြင့် ဝါသီးနှံကို (၁၅၇၅၆)ဧက လျာထားပြီး (၁၅၆၄၅)ဧက စိုက်ပျိုး နိုင်ခဲ့ပါသည်။

- ဝါမျိုးများအနေဖြင့် ရေမြေဒေသရာသီဥတုနှင့်ကိုက်ညီပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်ရည် ရှိသော ရွှေတောင်(၈)၊ရွှေတောင်(၁၀)၊ငွေချည်(၉)နှင့်ငွေချည်(၁၁)ဝါမျိုးများစိုက်ပျိုးထားပါသည်။

- ဝါစိုက်ဧရိယာများတွင် ဝါမျိုးကောင်းမျိုးသန့်များ ပွားများနိုင်ရန် အထွက်နှုန်းတိုးတက် မြင့်မား နိုင်ရန်နှင့် ရေမြေဒေသနှင့်ကိုက်ညီသော ဝါမျိုးများပြောင်းလဲတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက်ရည်ရွယ်၍ ဝါသီးနှံမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဆောင်ရွက်ခဲ့ပါသည်။

# ၂၀၂၁-၂၀၂၂ခုနှစ် စလင်းမြို့နယ် ဝါသီးနှံများ၏ လျာထား
# စိုက်၊ ရိတ်၊ နှုန်း၊ ထွက်

| စဉ် | ဝါအမျိုးအစား | လျာထား ဧက | စိုက်ဧက | ရိတ် ဧက | အထွက် နှုန်း | အထွက်တင်း |
|---|---|---|---|---|---|---|
| ၁ | ဝါစုစုပေါင်း | ၁၅၇၅၆ | ၁၅၆၄၅ | ၁၅၆၄၅ | ၄၃၄.၀၇ | ၆၇၉၀၉၇၉ |
| ၂ | ဝါကြီး | ၇၆ | ၂၂၀ | ၂၂၀ | ၁၀၁.၆၅ | ၂၂၃၆၃ |
| ၃ | ချည်မျှင်ရှည်ဝါ | ၁၅၆၈၀ | ၁၅၄၂၅ | ၁၅၄၂၅ | ၄၃၈.၈၁ | ၆၇၆၈၆၁၆ |
| | **အထူးဇုန် | ၂၀၀ | ၂၀၀ | ၂၀၀ | ၅၇၉.၁၄ | ၁၁၅၈၂၈ |
| | **မျိုးသန့်ဖုံ | ၂၅ | ၂၅ | ၂၅ | ၆၅၆.၄၈ | ၁၆၄၁၂ |
| | **Quick Win | ၅၀ | ၅၀ | ၅၀ | ၆၈၂.၈၀ | ၃၄၁၄၁ |
| | *စံပြကွက် | ၁၇ | ၁၇ | ၁၇ | ၆၁၈.၀၅ | ၁၀၅၀၇ |
| | *စမ်းသပ်ကွက် | ၂ | ၂ | ၂ | ၆၆၂.၀၀ | ၁၃၂၄ |
| | ရွှေတောင်-၁၀ | ၁ | ၁ | ၁ | ၅၉၂.၄၁ | ၅၉၂ |
| | ငွေချည်-၁၁ | ၁ | ၁ | ၁ | ၇၃၁.၇၉ | ၇၃၂ |
| | သာမန်စိုက် | ၁၄၅၉၀ | ၁၄၅၆၅ | ၁၄၅၆၅ | ၄၃၈.၁၀ | ၆၃၈၀၈၄၈ |

# ရည်ရွယ်ချက်

- ပြည်ပဝင်ငွေရရှိရေးအတွက် ချည်မျှင်ရှည်ဝါသီးနှံ ပိုမိုစိုက်ပျိုးလာစေရန်။
- ရာသီဥတုနှင့် လိုက်လျောညီထွေရှိမည့် မျိုးကောင်းမျိုးသန့်များ သုံးစွဲစိုက်ပျိုး နိုင်စေရန်။
- ဈေးကွက်ဝင်ပြီး အရည်အသွေးကောင်းမျိုးများ စိုက်ပျိုးတတ်စေရန်။
- အထွက်နှုန်းမြင့်မားပြီး တောင်သူဝင်ငွေတိုးစေရန်။
- မျိုးစေ့ထုတ်စိုက်ခင်းများ စိုက်ပျိုးခြင်းအားဖြင့် မျိုးကောင်းမျိုးသန့် စိုက်ခင်းဇုန် ဖြစ်ပေါ်လာစေရန်။

# ၂၀၂၁-၂၀၂၂ခုနှစ် ရာသီအလိုက်၊ နယ်မြေအလိုက် ဝါမျိုးစုံစိုက်ပျိုးရန် လျာထားချက်နှင့် စိုက်ပျိုးနိုင်မှုအခြေအနေ

| စဉ် | KCအမည် | လျာထားဧက | | | စိုက်ပျိုးနိုင်မှု | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ဝါကြီး | ခမရပေါင်း | စုစုပေါင်း | ဝါကြီး | ခမရပေါင်း | စုစုပေါင်း | |
| ၁ | မြို့မ | - | ၂၃၀၀ | ၂၃၀၀ | - | ၂၃၀၀ | ၂၃၀၀ | |
| ၂ | တောစိမ့် | - | ၇၂၀ | ၇၂၀ | - | ၇၂၀ | ၇၂၀ | |
| ၃ | အင်ကြင်းပင်လှ | - | ၄၅၂၁ | ၄၅၂၁ | - | ၄၅၂၁ | ၄၅၂၁ | |
| ၄ | လင်းဇင်း | - | ၄၂၀၀ | ၄၂၀၀ | - | ၄၂၀၀ | ၄၂၀၀ | |
| ၅ | ဆင်ဖြူကျွန်း | ၅၀ | ၅၀၀ | ၅၅၀ | ၅၀ | ၅၀၀ | ၅၅၀ | |
| ၆ | တညောင် | ၁၇၀ | ၂၀၄၅ | ၂၂၁၅ | ၁၇၀ | ၁၉၃၄ | ၂၁၀၄ | |
| ၇ | စလောင်းကုန်း | - | ၁၂၅၀ | ၁၂၅၀ | - | ၁၂၅၀ | ၁၂၅၀ | |
| စုစုပေါင်း | | ၂၂၀ | ၁၅၅၃၆ | ၁၅၇၅၆ | ၂၂၀ | ၁၅၄၂၅ | ၁၅၆၄၅ | |

# Knowledge Centre (KC)(၇)ခုမှ အင်ကြင်းပင်လှKC ၏ စမ်းသပ်ကွက်တည်နေရာ




| | | |
|---|---|---|
| အုပ်စုအမည် | - | အင်ကြင်းပင်လှ |
| ကျေးရွာအမည် | - | လက်ပံကျင်း |
| တောင်သူအမည် | - | ဦးမန်းတင် |
| ကွင်းအမှတ် | - | ၅၄၅ |
| ဦးပိုင် | - | ၅၂/ ၃ |
| စိုက်ဧက | - | ၂.၀၀ဧက |
| စိုက်စနစ် | - | ၂.၅' × ၂.၅' |

မျိုးအမည် - ရွှေတောင်-၁၀၊ငွေချည်-၁၁

| | | |
|---|---|---|
| စိုက်ရက် | - | ၁၆.၇.၂၀၂၁ |
| စံကွက်ရိတ်သိမ်းရက် | - | ၁၃.၁၂.၂၀၂၁ |

(၁၄၃)ရက်သားဝန်းကျင်

# ဝါမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်(၂)ကော လုပ်ဆောင်ချက်များ

## (က) မြေပြင်မျိုးစေ့ချခြင်းနှင့် အပင်ငယ်စဉ်လုပ်ဆောင်ချက်များ

- ၂၀.၅.၂၀၂၁ မြေပြုပြင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။
- ၁၄.၇.၂၀၂၁ (၁၅:၁၅:၁၅) ကွန်ပေါင်းတစ်ကော(၁)အိတ်နှုန်းမြေခံထည့်သွင်းခဲ့ပါသည်။
- ၁၆.၇.၂၀၂၁ ဝါမျိုးစေ့ တစ်ကော(၃)ပိဿာနှုန်း၊ Imidacloprid (70WP)တစ်ကော/ (၂၀) ဂရမ် လူးနယ်၍ တန်းကြားပင်ကြား(၂.၅'  × ၂.၅')ဖြင့် စိုက်ပျိုးခဲ့ပါသည်။
- အပင်ပေါက်ပြီး၁၄ရက်သားတွင် အပင်သားခွဲခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။
- ၂၀ရက်သားတွင် စုပ်စားပိုးကာကွယ်ဆေး Cartap (100)ဂ၊ အားဆေး လစ်တိုဇင်(၅၀)စီစီ တစ်ကော(၅)ပုံးနှုန်း  သီးခြားစီပက်ဖျန်းခဲ့ပါသည်။
- ၂၇ရက်သားတွင် ပေါင်းရှင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။

# (ခ) အပင်ကြီးထွားချိန် လုပ်ဆောင်ချက်များ

- ❖ (၃၀)ရက်သား(အပိန့်ဝင်ချိန်)တွင် ကြားတိုက်ပြီး (၃၇)ရက်သားတွင် Cartap(100 g) ထပ်ဆင့်ပွား(၅၀၀)ဂရမ် တစ်ဧက(၅)ပုံးနှုန်းဖြင့် သီးခြားစီ ပက်ဖျန်းခဲ့ပါသည်။
- ❖ ၄၅ရက်သား(ပန်းပွင့်ချိန်)တွင် ကွန်ပေါင်း အိတ်ဝက်နှုန်းထည့်ပြီး ကြားတိုက်ခဲ့ပါသည်။
- ❖ (၆၀)ရက်သား(ပန်းဖြိုင်ဖြိုင်ပွင့်ချိန်)တွင် ကွန်ပေါင်းအိတ်ဝက်နှုန်းထည့်ပြီး ကြားတိုက်ခဲ့ပါသည်။
- ❖ (၇၀)ရက်သားတွင် ဝါပိုးနီကာကွယ်ဆေး Chlorpyrifos (150 CC) ၊ တစ်ဧက (၅)ပုံးနှုန်းဖြင့် ပက်ဖျန်းခဲ့ပါသည်။
- ❖ (၈၀)ရက်သားတွင် စုပ်စားပိုးနှင့် အခြားပိုးကာကွယ်ဆေး Acetamiprid (150CC) ၊ တစ်ဧက (၅)ပုံးနှုန်း ပက်ဖျန်းခဲ့ပါသည်။

# ဝါသီးနှံ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်(၂.၀၀)ဧက ဆောင်ရွက်ထားရှိမှုအခြေအနေ



စိုက်ကြောင်းဆွဲနေပုံ



မျိုးစေ့ချနေပုံ



ပေါင်းရှင်းနေပုံ



ကြားပေါင်းလိုက်နေပုံ

# (ဂ)မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များမှ ဝါမျိုးယှဉ်ပြိုင်စိုက်ခင်းစံကွက်ရိတ်သိမ်းပွဲနှင့် ကွင်းသရုပ်ပြပွဲအား လာရောက်ချီးမြှင့်ခြင်းမှတ်တမ်း









# ဝါမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် (၂.၁၁) ကော စံကွက်ရိတ်သိမ်းမှု

| စဉ် | ကျဘမ်း နေရာ | ၁၀ပေအတွင်း ရှိဝါပင် | ရွှေတောင်-၁၀ | | | | | | ငွေရည်-၁၁ | | | | | | မျိုးနှစ်မျိုးနှိုင်းယှဉ်ချက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပိန် | ပွင့် | သီးနု | သီးရင့် | ဝါပေါက် | သီးခွံ | ပိန် | ပွင့် | သီးနု | သီးရင့် | ဝါပေါက် | သီးခွံ | ရွှေတောင်-၁၀ | ငွေရည်-၁၁ |
| ၁ | ၁ | ၈ | ၃ | - | ၃ | ၁၆ | ၁၈ | ၁၀၂ | ၄ | - | ၃ | ၉ | ၂၃ | ၈၇ | - | - |
| ၂ | ၂ | ၈ | ၂ | - | ၂ | ၁၇ | ၁၃ | ၁၁၆ | ၆ | - | ၅ | ၂၂ | ၁၃ | ၁၃၆ | - | - |
| ၃ | ၃ | ၈ | ၂ | - | ၂ | ၁၇ | ၁၅ | ၁၂၀ | - | - | - | ၆၂ | ၁၀ | ၁၂၈ | - | - |
| | ပေါင်း | A=၂၄ | B=၇ | C= - | D=၇ | E=၅၀ | F=၄၆ | G=၃၃၈ | B=၁၀ | C= - | D=၈ | E=၉၃ | F=၄၆ | G=၃၅၁ | ၅၉၂.၄၁ | ၇၃၁.၇၉ |

**ရွှေတောင်-၁၀**

တစ်ပင်ရှိပျမ်းမျှကောက်ရဝါ ပင်ပေါက်(Y) $= \dfrac{0.25x(B)+0.50x(C)+0.60x(D)+0.80x(E)+0.90(F)+0.95x(G)}{A}$

$= \dfrac{၁.၇၅+၀+၄.၂၀+၄၀+၄၁.၄+၃၂၁.၁၀}{၂၄}$

= ၁၇လုံး

တစ်ဧကရှိဝါအထွက်ပိဿာ $= \dfrac{\text{တစ်ဧကရှိဝါပင်ဦးရေ(A)} \times \text{တစ်ပင်ရှိပျမ်းမျှကောက်ရဝါပေါက်(Y)}}{\text{တစ်ကျပ်သားရှိဝါပေါက်} \times ၁၀၀}$

$= \dfrac{၁၃၉၃၉ \times ၁၇}{၄ \times ၁၀၀}$ = ၅၉၂.၄၁ ပိဿာ

**ငွေရည်-၁၁**

တစ်ပင်ရှိပျမ်းမျှကောက်ရဝါ ပင်ပေါက်(Y) $= \dfrac{0.25x(B)+0.50x(C)+0.60x(D)+0.80x(E)+0.90(F)+0.95x(G)}{A}$

$= \dfrac{၂.၅+၀+၄.၈+၇၄.၄+၄၁.၄+၃၃၃.၄၅}{၂၄}$

= ၂၁လုံး

တစ်ဧကရှိဝါအထွက်ပိဿာ $= \dfrac{\text{တစ်ဧကရှိဝါပင်ဦးရေ(A)} \times \text{တစ်ပင်ရှိပျမ်းမျှကောက်ရဝါပေါက်(Y)}}{\text{တစ်ကျပ်သားရှိဝါပေါက်} \times ၁၀၀}$

$= \dfrac{၁၃၉၃၉ \times ၂၁}{၄ \times ၁၀၀}$ = ၇၃၁.၇၉ ပိဿာ

မြို့နယ်ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
ဝလင်းမြို့

# ဝါမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်စံကွက်ရိတ်သိမ်းကောက်ယူရရှိမှုအခြေအနေ

| စဉ် | အကြောင်းအရာ | ရွှေတောင်-၁၀ | ငွေချည်-၁၁ | မှတ်ချက် |
|---|---|---|---|---|
| ၁ | စိုက်ဧက | ၁.၀၀ | ၁.၀၀ | |
| ၂ | အပင်ဦးရေ | ၁၃၉၃၉ | ၁၃၉၃၉ | |
| ၃ | တစ်ပင်ရှိသီးလုံး | ၁၇ | ၂၁ | (+)၄ |
| ၄ | တစ်ကျပ်သားရှိ ဝါပေါက်အလေးချိန် | ၄ | ၄ | |
| ၅ | အထွက်နှုန်း | ၅၉၂.၄၁ | ၇၃၁.၇၉ | |
| ၆ | အထွက်ပိဿာ | ၅၉၂ | ၇၃၂ | (+)၁၄၀ |
| | | | | |

# ဝါမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၏ တွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ရွှေတောင်-၁၀ | ငွေချည်-၁၁ | မှတ်ချက် |
|---|---|---|---|---|
| ၁ | အပင်ပုံသဏ္ဍာန် | ပြန့်ကား | ထောင်မတ် | |
| ၂ | ပင်စည်အရောင် | စိမ်း/နီညို | နီ/ စိမ်း | |
| ၃ | အရွက်အရောင် | စိမ်းဝါ | စိမ်း | |
| ၄ | ရွက်မွေးပါဝင်မှု | ထူ | အသင့်အတင့်ထူ | |
| ၅ | အပိန့်စဝင်ရက် | ၂၃.၈.၂၀၂၁ | ၂၇.၈.၂၀၂၁ | |
| ၆ | (၅၀) ရာနှုန်းအပိန့်ဝင်ရက် | ၄.၉.၂၀၂၁ | ၇.၉.၂၀၂၁ | |
| ၇ | ပန်းစပွင့်ရက် | ၁၁.၉.၂၀၂၁ | ၁၄.၉.၂၀၂၁ | |
| ၈ | (၅၀) ရာနှုန်းပန်းပွင့်ရက် | ၂၅.၉.၂၀၂၁ | ၂၇.၉.၂၀၂၁ | |
| ၉ | အသီးပုံစံ | လုံးဝိုင်းချွန် | လုံးရှည်ထိပ်ဖျားချွန် | |
| ၁၀ | အထွက်နှုန်းပိဿာ | ၅၉၂.၄၁ | ၇၃၁.၇၉ | |
| ၁၁ | တောင်သူကြိုက်နှစ်သက်မှု | ကြိုက် | ပိုကြိုက် | |

# ဝါမျိုးယှဉ်ပြိုင် စမ်းသပ်ကွက် တစ်ဧက ကုန်ကျစရိတ်

| စဉ် | အမျိုးအမည် | အရေအတွက် | ရေတွက်ပုံ | နှုန်း | သင့်ငွေ | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | မျိုး/<br>လူးနယ်ဆေး | ၃<br>၁ | ပိဿာ/<br>ထုပ် | ၆၀၀၀<br>၄၀၀၀ | ၆၀၀၀<br>၄၀၀၀ | |
| ၂ | မြေပြင်ခြင်း/ စက်ကြီး/<br>စက်ကလေး | ၂ | စပ် | ၂၀၀၀၀ | ၄၀၀၀၀ | |
| ၃ | စိုက်ပျိုးခြင်း/ ( မျိုးစေ့ချ<br>ကြောင်းဆွဲခြင်း) | ၄ | ဦး/ ယှဉ် | ၂၀၀၀/<br>၁၀၀၀၀ | ၁၈၀၀၀ | |
| ၄ | အပင်ပြုစုခြင်း( ကြားတိုက်) | ၃ | ယှဉ် | ၁၀၀၀၀ | ၃၀၀၀၀ | |
| | သားခွဲခြင်း/ ပေါင်းရှင်း | ၁၅ | ဦးရေ | ၂၀၀၀ | ၃၀၀၀၀ | |
| | ဓါတ်မြေသြဇာထည့်သွင်းခြင်း | ၂ | အိတ် | ၆၅၀၀၀ | ၁၃၀၀၀၀ | |
| | ပိုးသတ်ဆေး | ၃ | ကြိမ် | ၁၃၀၀၀ | ၃၉၀၀၀ | |
| ၅ | ဝါကောက်ခ | ၄၉ | ဦး | ၂၀၀၀ | ၉၈၀၀၀ | |
| ၆ | သယ်ခ | ၅၀၀ | ပိဿာ | ၂၀ | ၁၀၀၀၀ | |
| | စုစုပေါင်း | | | | ၄၀၅၀၀၀ | |

# တစ်ကောအကျိုးအမြတ်

| စဉ် | အကြောင်းအရာ | ရွှေတောင်-၁၀ | ငွေချည်-၁၁ | မှတ်ချက် |
|---|---|---|---|---|
| ၁ | တစ်ကော အထွက် ပိဿာ | ၅၉၂ | ၇၃၂ | |
| ၂ | တစ်ပိဿာဈေးနှုန်း | ပျမ်းမျှ ၁၅၀၀ | ပျမ်းမျှ ၁၅၀၀ | |
| ၃ | တစ်ကောကုန်ကျစရိတ် | ၄၀၅၀၀၀ | ၄၀၅၀၀၀ | |
| ၄ | တစ်ကောဝင်ငွေ | ၈၈၈၀၀၀ | ၁၀၉၈၀၀၀ | (+)၂၁၀၀၀၀ |
| ၅ | အသားတင်အကျိုးအမြတ် | ၄၈၃၀၀၀ | ၆၉၃၀၀၀ | (+)၂၁၀၀၀၀ |
| ၆ | တစ်ကောကုန်ကျငွေ နှင့် ဝင်ငွေအချိုး | ၁ : ၂.၁၉ | ၁ : ၂.၇၁ | (+) ၀.၅၂ |

**ပွဲရုံများမှ အတန်းအစားသတ်မှတ်မှုအခြေအနေ**

ဝါဝယ်ယူသည့် ပွဲရုံ(၇)ခုခန့် ရှိသည့်အနက် မျိုးယှဉ်စိုက်ပျိုးသည့်တောင်သူရောင်းချသော ပွဲရုံ၏ဈေးနှုန်းအပေါ်မူတည်လျှင် ပထမပိုင်းတွင်ငွေချည်-၁၁ဝါမျိုးကို အရည်အသွေးကောင်းမွန်သည့်အတွက် (၁၀၀-၁၅၀)ကျပ်ခန့် ဈေးပိုပေးပြီး ဝယ်ယူခဲ့ပါသည်။ နောက်ပိုင်းတွင် ငွေချည်-၁၁ဝါသည် ရွှေတောင်(၁၀)ဝါလောက် ဂွမ်းသားမထူသည့်အတွက် ဈေးနှုန်းတူညီစွာ ဝယ်ယူခဲ့သည်ကို တွေ့ရှိရပါသည်။

# စံကွက်ရိတ်သိမ်းမှု မှတ်တမ်းဓာတ်ပုံ













Quick Win အစီအစဉ်ဖြင့် စိုက်ပျိုးထားသည့်ဝါစိုက်ခင်းအား တောင်သူ(၂၆)ဦးနှင့် ဝန်ထမ်း(၄)ဦးတို့ဖြင့် (၂.၁၁.၂၀၂၁)ရက်နေ့တွင် ကွင်းသရုပ်ပြပွဲပြုလုပ်ခဲ့ပြီး တောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ပုံ

# တွေ့ရှိချက်အပေါ်သုံးသပ်တင်ပြခြင်း

- ၂၀၂၁-၂၀၂၂ခုနှစ် စလင်းမြို့နယ်အနေဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါ မျိုး(၂)မျိုးဖြစ်သော ရွှေတောင်(၁၀)ဝါမျိုးနှင့် ငွေချည်(၁၁)ဝါမျိုးများ မျိုးယှဉ်ပြိုင်စမ်းသပ်ကွက် ဆောင်ရွက်ခဲ့ရာ ရွှေတောင်-၁၀ ဝါမျိုးသည် အထွက်နှုန်းနည်းသော်လည်း ရာသီဥတုနှင့် ပိုးမွှားရောဂါဒဏ် ခံနိုင်ရည် ရှိသဖြင့် တောင်သူကြိုက်နှစ်သက်မှု အသင့်အတင့် ရှိသည်ကိုတွေ့ရှိရပါသည်။ ငွေချည်-၁၁ ဝါမျိုးသည် အထွက်နှုန်းများ၍ ရာသီဥတုနှင့်ကိုက်ညီမှု ရှိပြီး ပိုးမွှားရောဂါဒဏ် အသင့်အတင့်ခံနိုင်ရည် ရှိသည်ကိုတွေ့ရှိရပါသည်။ ဝင်ငွေနှင့် အကျိုးအမြတ် ပိုများ သည့်အတွက် တောင်သူများ ကြိုက်နှစ်သက်မှုများသည်ကို တွေ့ရှိခဲ့သည့်အတွက် စလင်းမြို့နယ်အတွင်းရှိ ဝါစိုက်အုပ်စု(၄၂)အုပ်စုမှ တောင်သူများအား ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရန် ပညာပေးဆောင်ရွက်သင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

# ရှေ့ဆက်ဆောင်ရွက်သွားမည့်အစီအစဉ်

| စဉ် | KCအမည် | ကျေးရွာအုပ်စု ပေါင်း | ကျေးရွာ ပေါင်း | တောင်သူ ပေါင်း | ကွင်း ပေါင်း | ဦးပိုင် ပေါင်း | ချည်မျှင်ရှည်ဝါ စိုက်ပျိုးမည့်ဧက | | | | ဝါကြီး | ဝါ စုစု ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | မိုးကြို | မိုး | မိုးနှောင်း | ပေါင်း | | |
| ၁ | မြို့မ | ၄ | ၁၆ | ၄၀၃ | ၂၃ | ၄၀၆ | - | ၃၅၀ | ၂၀၀၀ | ၂၃၅၀ | - | ၂၃၅၀ |
| ၂ | တောစိမ့် | ၄ | ၉ | ၄၁၆ | ၁၂ | ၄၁၆ | - | - | ၂၅၅၀ | ၂၅၅၀ | - | ၂၅၅၀ |
| ၃ | အင်ကြင်းပင်လှ | ၅ | ၂၁ | ၈၇၆ | ၃၁ | ၁၀၃၃ | - | ၁၄၀၀ | ၃၄၃၄ | ၄၈၃၄ | - | ၄၈၃၄ |
| ၄ | လင်းဇင်း | ၁၂ | ၃၉ | ၇၅၂ | ၄၃ | ၇၅၂ | - | ၁၀၀၀ | ၃၅၀၀ | ၄၅၀၀ | - | ၄၅၀၀ |
| ၅ | ဆင်ဖြူကျွန်း | ၅ | ၁၈ | ၇၀၉ | ၁၈ | ၇၁၇ | - | ၁၅၀ | ၂၀၅၀ | ၂၃၀၀ | ၁၀၀၀ | ၃၃၀၀ |
| ၆ | တညောင် | ၁၄ | ၃၀ | ၇၄၄ | ၃၅ | ၇၄၄ | - | - | ၃၆၉၇ | ၃၆၉၇ | ၁၅၀၃ | ၅၂၀၀ |
| ၇ | စလောင်းကုန်း | ၁ | ၅ | ၂၀၈ | ၅ | ၂၂၀ | ၇၅ | - | ၁၅၂၅ | ၁၆၀၀ | - | ၁၆၀၀ |
| | မြို့နယ်ချုပ် | ၄၅ | ၁၃၈ | ၄၁၀၈ | ၁၆၇ | ၄၂၈၈ | ၇၅ | ၂၉၀၀ | ၁၈၈၅၆ | ၂၁၈၃၁ | ၂၅၀၃ | ၂၄၃၃၄ |

စလင်းမြို့နယ်တွင် ချည်မျှင်ရှည်ဝါ(၂၁၈၃၁)ဧက စိုက်ပျိုးဆောင်ရွက်မည့် တောင်သူများကို ငွေချည်-၁၁ ဝါမျိုးအား ဝါစိုက်အုပ်စု(၄၂)အုပ်စုကို တစ်အုပ်စု၊ တစ်ဧကနှုန်းဖြင့် စည်းရုံးစိုက်ပျိုးမည်ဖြစ်ပြီး စံပြကွက် ၊ စမ်းသပ်ကွက်၊ မျိုးစေ့ထုတ်လုပ်ငန်းများ လုပ်ဆောင်ကာ တောင်သူအချင်းချင်း မျိုးဖလှယ်သုံးစွဲသွားနိုင်ရန် ပညာပေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

# အင်ကြင်းပင်လှKC ရှိ တောင်သူများနှင့် စိုက်ပျိုးရေးနည်းပညာများ ဆွေးနွေးတိုင်ပင်နိုင်ရေး Viber /Messager တို့ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားရှိမှု မှတ်တမ်း









# ဝါသီးနှံ မျိုးယှဉ်ပြိုင် စမ်းသပ်ကွက် စိုက်ခင်း ဆောင်ရွက်ထားရှိမှုဓါတ်ပုံများ










လမ်းညွှန်မှုကိုခံယူပြီးဆက်လက်ကြိုးစားဆောင်ရွက်သွားပါမည်။